ကြာအင်းအနောက်ကျေးရွာအုပ်စု၊ ကြာအင်းအရှေ့ကျေးရွာ

လှည်းကူးမြို့နယ်

(ရန်ကုန်တိုင်းဒေသကြီး)

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

## (၂၀၁၈ -၂၀၁၉)

ပြုစုရေးဆွဲသူ။ ကြာအင်းအရှေကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် များနှင့် ကျေးရွာဒေသခံပြည်သူများမှပါဝင်ကူညီရေးဆွဲပါသည်။

ရက်စွဲ၊ ၂၀၁၈ခုနှစ် ဩဂုတ် လ( )ရက်

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရိုကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ပညာရေး

(င) ကျန်းမာရေး

(စ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဆ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးအထောက်အကူပြုဇယားများ



ကြာအင်းအရှေ့ကျေးရွာ သယံဇာတပြ မြေပုံ
21.5 2018
မြေသားလမ်း
ကွန်ကရစ်လမ်း
သစ်ပင်
ဘုန်းကြီးကျောင်း
Transfer
စာသင်ကျောင်း
အိမ်
ဆေးခန်း
ဘောလုံးကွင်း
Main လမ်း

## ၁။ တည်နေရာနှင့်ပထဝီအနေအထား

ကြာအင်းအရှေ့ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိပြီး ရန်ကုန်မြို့နှင့် (၃၅)မိုင်ခန့် လှည်းကူးနှင့် (၉)မိုင်ခန့်ကွာဝေးသော ကျေးရွာဖြစ်ပါသည်။ ရန်ကုန်-မန္တလေးအမြန်လမ်းနှင့် (၂)မိုင်ခန့်ကွာဝေးပြီး အမှတ်(၃)၊ ကြာအင်း-ငါးဆူတောင်ဆက်သွယ်ထားသောလမ်းရှိပါသည်။ ကြာအင်းအရှေ့ကျေးရွာအနီးတွင် ရန်ကုန်တိုင်းစိုက်ပျိုးရေးနှင့်မွေးမြူရေးအထူးခုံ(ညောင်နှစ်ပင်)တည်ရှိပါသည်။ ရွာဘေးပတ်ဝန်းကျင်တွင် စပါးစိုက်လယ်ယာမြေများ၊ အင်းအိုင်၊ချောင်း၊မြောင်းများ တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

သဘာဝအရင်းအမြစ်အနေဖြင့် ကျေးရွာအနီး အင်းအိုင်များမှရေချိုငါးနှင့် ကျေးရွာအပြင်ဘက်တွင် လုပ်ငန်းရှင်များမှ ငါးကန်များမှ ကျေးရွာပြည်သူလူထုအတွက် စားသုံးရန်ရရှိပြီး ရွာ၏မြောက်ဘက်ခြမ်းတွင် ဂဝံတူးဖော်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးတောင်သူများမှ သစ်သီးဝလံများရရှိနိုင်ပါသည်။

## ၃။ ကျေးရွာ၏ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းအား ဗဟိုပြုပြီး အခြားသော နာရေးကော်မတီ/လူငယ်ပရဟိတအဖွဲ့များဖြင့် ချိတ်ဆက်၍ ရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်လျှက်ရှိပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် ရွာတွင်းတွင်လယ်ယာ/တောင်ယာလုပ်ကိုင်ခြင်း၊ ဈေးဆိုင်များရောင်းချခြင်း၊ ကြက်၊ဝက်များတနိုင်တပိုင်မွေးမြူခြင်း လုပ်ငန်းများမှ ဝင်ငွေရရှိပြီး ဆင်းရဲသောမိသားစုများ များပြားပြီး ပစ္စည်းဥစ္စာပိုင်ဆိုင်မှုမှာလည်းချို့တဲ့သူများပြားပါသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

အခြေခံအဆောက်အဦများအနေဖြင့် စာသင်ကျောင်းကောင်းမွန်ပြီး ဘာသာရေးအဆောက်အဦများလည်း သင့်တော်မှုရှိပါသည်။ ရွာလယ်တွင်ဆွမ်းလောင်းမဏ္ဍပ်တည်ရှိထားမှုကြောင့် ဆွမ်းလောင်းသည့်ဘာသာရေးကိစ္စများတွင်သာမက ကျေးရွာလူစု၊ လူဝေးနှင့်ပတ်သက်သော အစည်းအဝေးပွဲများ၊ မင်္ဂလာပွဲများ ဧည့်ခံကျွေးမွေးမှုများ ပြုလုပ်ဆောင်ရွက်နိုင်သည်ဖြစ်ပါသည်။ ကျေးလက်ဆေးခန်းတွင်လည်း ကျေးရွာတွင်းသာမက အုပ်စုတစ်ခုလုံးအတွက် ကျန်းမာရေးလုပ်ငန်းများအား တာဝန်ကျဝန်ထမ်းများဖြင့်လက်တွဲ၍ ဆောင်ရွက်နိုင်သည်ဖြစ်ပါသည်။

## (ဃ) ပညာရေး

ပညာရေးကဏ္ဍတွင်သင့်တင့်သော အခြေအနေရှိပြီး စာမဖတ်တတ်သော လူကြီး၊ လူငယ်နည်းပါးပါသည်။ မူလတန်းပညာတတ်မြောက်မှုနှုန်းမှာ (၇၀%)ခန့်ရှိပြီး အလယ်တန်းပညာတတ်မြောက်မှုတွင်(၅၀%)ခန့်ရှိ၍ အထက်တန်း/တက္ကသိုလ်ဘွဲ့ရအနေဖြင့်(၃၀%)ခန့်ရှိပါသည်။

## (င) ကျန်းမာရေး

ကျန်းမာရေးသည် ကျေးရွာပြည်သူများ၏ အဓိကဖြစ်ပြီး ကျေးလက်ဆေးပေးခန်းတည်ရှိမှုကြောင့် ကြီးမားသောရောဂါ၊ ဝေဒနာများမရှိဘဲ အရေးပေါ်လိုအပ်ချက်ရှိမှသာလှည်းကူးမြို့နယ်ဆေးရုံနှင့် ရန်ကုန်ဆေးရုံကြီးများသို့ ပို့ဆောင်ရပြီး လမ်းပန်းဆက်သွယ်မှုအားနည်း၍ အချိန်ယူသွားလာရသည်တော့ရှိပါသည်။ မိသားစုအများစုမှာ မြေအောက်ရေ(အဝီစိ)သုံးစွဲမှုကြောင့် ဝမ်းပျက်/ဝမ်းလျှော၊ အစာအိမ်သို့ကဲ့သော ကူးစက်ရောဂါများလည်းမရှိသလောက်နည်းပါးပါသည်။

## (စ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြာအင်းအရှေ့ကျေးရွာသည် ကုန်းတွင်းပိုင်းကျေးရွာဖြစ်သောကြောင့် တခါတရံမိုးတွင်းကာလတွင် ဖြစ်ပေါ်တက်သောမုန်တိုင်းအန္တရာယ်ကျရောက်မှုနည်းပါးပြီး ချောင်း၊ မြောင်းများသည်လည်း သင့်တင့်သောရေစီးရေလာကောင်းမွန်မှုကြောင့် မိုးကြီးသည့်လများတွင် ရေကြီးရေလျှံဖြစ်ပေါ်တတ်ပြီးအန္တရာယ်ဖြစ်လောက်သည့်အခြေအနေမရှိပါ။

## (ဆ) ကျား၊မရေးရာ

ကျား/မရေးရာကိစ္စတွင် ကျေးရွာတွင်းနေထိုင်သော ကျား၊မ ပြည်သူများသည် မိမိတို့၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ပြည့်ဝစွာ ရရှိကြပြီး ကျေးရွာတာဝန်ယူမှုအပိုင်းတွင်လည်း ညီမျှစွာစံနှုန်းမှီသတ်မှတ်ထားရှိပါသည်။ ကျားမခွဲခြားဆက်ဆံခြင်းများလည်းမရှိဘဲ အခွင့်အရေးရပိုင်ခွင့်များတူညီကြပါသည်။

ပရဟိတအဖွဲ့များ အုပ်ချုပ်ရေးအဖွဲ့များတွင် အမျိုးသမီးပါဝင်မှုအားနည်းသော်လည်း အနည်းငယ်ပါဝင်မှုရှိပါသဖြင့် အသိပညာပေးဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမျှမှုဖွံ့ဖြိုးမှုများ တိုးတက်ဖြစ်ပေါ်လာနိုင်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၅ | ၃၆ | ၇၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၈၈ | ၉၂ | ၁၈၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၃၂ | ၁၂၂ | ၂၅၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၉၅ | ၁၁၄ | ၂၀၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၇၆ | ၇၆၂ | ၁၅၃၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၆ | ၆၉ | ၁၀၅ |
| စုစုပေါင်း | | ၁၁၆၂ | ၁၁၉၅ | ၂၃၅၇ |
| စုစုပေါင်း အိမ်ထောင်စု | | ၅၁၄ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ (၁၅)နှစ်မှ (၆၄)နှစ်အထိ လူဦးရေများပြားနေသောကြောင့် ရပ်မိ/ဖများနှင့်လူငယ်များပူးပေါင်းဆောင်ရွက်လျှင် ကျေးရွာသည်အမြန်ဆုံးဖွံ့ဖြိုးလာနိုင်ပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၆၁၂ | သင့် | ရ | ချောင်း |
| ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၆၇ | သင့် | ရ | ချောင်းရေ |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | ၅၀ | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၇၂၉ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်းလယ်မြေ(၆၁၂) ဧကရှိပါသည်။ စပါးအပြင် စားသုံးသီးနှံအဖြစ် ပဲ၊ချဉ်ပေါင်၊ ခရမ်းစသည်တို့လည်း စိုက်ပျိုးပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | | |
| ပျှမ်းမျှအပူချိန် - အသင့်အတင့် | သင့် | ပျှမ်းမျှ မိုးရေချိန် - သင့် |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဂဝံ၊ သဲအနည်းငယ်ထွက်ရှိကြောင်း တွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | နာရေးကူညီမှု | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | (သင့်) |
| ၂ | ပရဟိတ | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | (သင့်) |
| ၃ | ကျောင်းအကျိုးတော်ဆောင် | ၁☐ ၂☑ ၃☐ | ပညာရေး ☑ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | (သင့်) |
| ၄ | ကျန်းမာရေး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐ | (သင့်) |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | မီးသတ် | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | (သင့်) |
| ၆ | မိခင်နှင့် ကလေး | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☑ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | (သင့်) |
| ၇ | အမျိုးသမီး ရေးရာ | ၁☐ ၂☑ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | (သင့်) |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာသူ/သားအများစုမှာ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ပြီး အဖွဲ့အစည်းတိုင်းတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၄၁<၁၄ | ၁၄<၃ | ၃<၁ | မရှိ |
| အိမ်အခြေအနေ | နှစ်ထပ်တိုက်/ သွပ်မိုး | လုံးချင်း/သွပ်မိုး | သွပ်မိုး/ထရံကာ/ ပျဉ်ခင်း | ဓနိမိုး၊ဖက်ကာ၊ ဝါးခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား/ဆိုင်ကယ် | ဆိုင်ကယ် | စက်ဘီး | - |
| အဓိကစီးပွားရေး လုပ်ငန်း | အရောင်းအဝယ်၊ လယ် | ဈေးရောင်း၊လယ် | ဈေးရောင်း၊ ကျပန်း | လက်လုပ်လက်စား |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အိမ်ထောင်စု | ၁၆ | ၆၂ | ၂၆၉ | ၁၆၇ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ အဆင်ပြေသောအိမ်ထောင်စုများမှာ အနည်းငယ်သာရှိပြီး (၄၁)ဧကမှ (၁၄)ဧကပိုင်ဆိုင်ထားကြောင်း တွေ့ရှိရပါသည်။ လက်လုပ်လက်စား၊ ကျပန်းနှင့်အရောင်းအဝယ်လုပ်ကိုင်သူ များပြားကြောင်းတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၁၇ စု | ၆၁.၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၅၀ စု | ၉.၇၂ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၆၉ စု | ၁၃.၄၂ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | | | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၇၈ စု | ၁၅.၁၇ | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၅၁၄ စု | | အလတ်စားတောင်သူများ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သူများသည် စပါးကိုအများဆုံးစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၆၁၂ ဧက | တင်း | ၂၀ | ၅၀ | ၃၀ | သင့် |
| သံပုရာ | ၂၇ ဧက | အိတ် | ၂၀ | ၃၀ | ၂၅ | သင့် |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| | | | | | | |
| မန်ကျန်းရှား | ၄၀ဧက | ပင် | ၂၀၀ | ၁၅၀ | ၁၈၀ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်ဧက (၆၁၂)ဧကစိုက်ပျိုးပြီး အထွက်နှုန်းပျမ်းမျှ (၃၀)တင်းသာထွက်ရှိကြောင်းတွေ့ရှိရပါသည်။ မြေဩဇာနည်းပါးခြင်း၊ စပါးပိုးကျခြင်းများကိုလည်းတွေ့ရှိရပါသည်။မန်ကျန်းရှားသစ်ပင်များအား သစ်အစားထိုးစိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၃၆ | ၁၁၈ |
| နို့စားနွား | ၃ | ၄ |
| ကျွဲ | ၄၀ | ၂၂၂ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၅ | ၉၀ |
| သိုး | | |
| ဝက် | ၄၀ | ၂၅၇ |
| ကြက် | ၂၄၁ | ၃၁၂၄ |
| ဘဲ | ၉ | ၁၅၉ |
| ဆင် | | |
| ငါးလုပ်ငန်း | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူရေးနည်းပါးကြောင်းတွေ့ရှိရပါသည်။ ကြက်များ၊ ဘဲများကို စားနပ်ရိက္ခာအတွက်မွေးမြူထားကြောင်းတွေ့ရှိရပါသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၅ | ၁၉၅ | | လတ် (အထည်ချုပ်စက်ရုံနှင့် အိမ်တွင်ကိုယ်ပိုင်ချုပ်လုပ် သူများဖြစ်သည်။ |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၂၄၄ | | | လတ်(အခြေခံလုပ်သားများ) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | ၁ | - | လတ်(ဆိုင်ကယ်ပြင်ဆိုင်) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁၀ | ၂၇ | ၁၁ | လတ်(အိမ်ဆိုင်နှင့်စတိုးဆိုင် လုပ်သား) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၅၀ | ၁၂၂ | ၁၀ | လတ် (ဆိုင်ကယ်၊ကား၊တက္ကစီ) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁၂ | ပညာရေး | | ၅ | | လတ် (ဆရာ၊ဆရာမများ) |
| ၁၃ | ကျန်းမာရေး | | ၂ | | လတ် (ဆေးခန်းဝန်ထမ်းများ) |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၅ ၅၉၆ ၂၁ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကိုယ်ပိုင်စီးပွားရေးအဖြစ် စက်ချုပ်ခြင်း၊ စတိုးဆိုင်များ၊ ဆိုင်ကယ်ကယ်ရီလုပ်ငန်းများသည် အဆင်ပြေကြောင်းတွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ငါးဆူတောင်ဈေး | လှည်းကူးဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင်☑ စက်ဘီး☑ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☑ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အနီးဆုံးဈေးတွင် ဟင်းသီးဟင်းရွက်၊ အသားငါး များ ရရှိပြီး အခြားလူသုံးကုန်ပစ္စည်းများကို လှည်းကူးဈေးတွင် ရရှိနိုင်ပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☑ ၂☑ ၃☐ ၄☑ ၅☐ | ကောင်း☐ သင့် ☑ ညံ့ ☐ | ပွင့်လင်း ရာသီ ☑ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂☐ ၃☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ | ၀–၁ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | ၄☐ ၅☐ | | ☐ တစ်နှစ်ပတ်လုံး ☐ | ၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☐ ၃☐<br>၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐<br>၁-၅ မိုင် ☐<br>၅-၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ရွာတွင်းလမ်းတချို့တဝက်သည် ကွန်ကရစ်ခင်းထားပြီး ကျန်လမ်းအများစုမှာ မြေသားလမ်းနှင့်ကျောက်ခင်းလမ်းဖြစ်ပါသည်။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ------------------------------------------------------------------------

------------------------------------------------------------------------------------------

------------------------------------------------------------------------------------------။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | ၄၅၄ | ၃၃၂ | ၆ | ၂ | ၂၆ | - | ၂၁ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်အမျိုးမျိုးကို အသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | ၂၇၁/၁၄၅ |
| ဆိုလာစနစ် | ၁၆ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၂၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၉၅ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ(၅၁၄)ရှိသည့်အနက် ကိုယ်ပိုင်မီတာ(၂၇၁)အိမ်သာ ရှိသောကြောင့် လျှပ်စစ်မီးသုံးစွဲမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | စလောင်း |
|---|---|---|---|---|
| အရေအတွက် | ၇၄၇ | ၃၈ | ၃၅၃ | ၂၄ |
| | | | | |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖုန်းသုံးစွဲသူအများဆုံးတွေ့ရှိရပြီး ဆက်သွယ်မှုအားကောင်းပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၁၂၉ | ၁၁၁ | ၂၄၀ |
| အလယ်တန်း | ၇၀ | ၉၂ | ၁၆၂ |
| အထက်တန်း | ၅၃ | ၅၄ | ၁၀၇ |
| တက္ကသိုလ်/ကောလိပ် | ၁၃ | ၂၀ | ၃၃ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရာတွင် အိမ်ခြေ(၅၁၄)ရှိပြီး ပညာသင်နေသောကျောင်းသား/သူများ (၅၄၂)ရှိသောကြောင့် ပညာရေးကောင်းမွန်ပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☑<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၇၈၀၀ | | | | | | | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☑ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဈ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | | ၁၁ | ၁၁ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ ၇၈၀၀ စတုရန်းပေရှိသည့်အနက်

အလယ်တန်းကျောင်း(ခွဲ) ဖြစ်ပြီး ဆရာ/မအင်အားနည်းပါးကြောင်း တွေ့ရှိရသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☑ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☑ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရောဂါပျံ့ပွားမှု၊ ရောဂါကူးစက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဆေးပေးခန်းမှ သက်ဆိုင်သော ကာကွယ်ဆေးများကို ထိုးနှံကြောင်း တွေ့ရှိရပါသည်။

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

<table>
<tr><th>ကျန်းမာရေး ဝန်ဆောင်မှု</th><th>ခရီး အကွာအဝေး (မိုင်)</th><th>အခန်း/ကုတင် လုံလောက်မှု</th></tr>
<tr><td>ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ</td><td>၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐</td><td>ရှိ ☑<br>မရှိ ☐</td></tr>
<tr><td>တိုက်နယ် ဆေးရုံ</td><td>၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐</td><td>ရှိ ☐<br>မရှိ ☐</td></tr>
<tr><td>မြို့နယ် ဆေးရုံ</td><td>၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☑</td><td>ရှိ ☑<br>မရှိ ☐</td></tr>
</table>

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိ သောကြောင့် အသေးအမွှားရောဂါများကို မြို့နယ်ဆေးရုံသို့သွားရောက်ရန် မလိုကြောင်းတွေ့ရှိရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၈၁/၂၄၅ | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၁၀၀/၂၀ | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ဆောင်း၊နွေ |
| အဝီစိတွင်း/ တုံကင် | ၁၆/၂ | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ဆောင်း၊နွေ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဝီစိတွင်းများသာ နွေ၊ မိုး၊ ဆောင်းအသုံးပြုနိုင်သော

ကြောင့် ရေတွင်းသုံးသော အိမ်များသည် နွေရာသီတွင် ရေအခက်အခဲမရှိကြောင်းတွေ့ရှိရပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၂၈/၈၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ယင်လုံအိမ်သာများသုံးစွဲမှု(၄၂၈) ရှိသောကြောင့် ကျေးရွာတွင် သန့်ရှင်းမှုရှိကြောင်း တွေ့ရှိရသည်။

### (၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | နိမ့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | လျှော် | နိမ့် |
| ၈ | မီးဘေး | နိမ့် |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိ |
| ၁၇ | လူကုန်ကူးခြင်း | မရှိ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | လတ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဘေးအန္တရာယ်ကျရောက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | - | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သဘာဝအရင်းအမြစ်အန္တရာယ်မရှိကြောင်း တွေ့ရှိရပါသည်။

(၁၀ ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☑ | မရှိ ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးအများများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု ရှိကြောင်းတွေ့ရှိရပါသည်။

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | – ကျေးရွာတွင်းလမ်းပျက်စီးနေခြင်း။ | – မူလလမ်းအိုဟောင်းနေ၍ သွားလာရအဆင်မပြေခြင်း။ | – စည်းလုံးညီညွတ်မှုရှိခြင်း။<br>– ကျေးရွာမှလုပ်အားပါဝင်ကူညီနိုင်ခြင်း။ | – ငွေကြေးအဆင်မပြေခြင်း။<br>– နည်းပညာမရှိခြင်း။ | – မူလဂဝံလမ်းအားကွန်ကရစ်ရစ်လမ်းအဖြစ်ရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | – ကျေးရွာတွင်းကွန်ကရစ်လမ်းခင်း နိုင်ရန်ဆောင်ရွက်ခြင်း။ |
| ၂။ | – လမ်းပျက်စီးနေခြင်း | – သုသာန်သို့သွားသောလမ်းသည်မြေသားလမ်းဖြစ်၍ သွားလာရအဆင်မပြေခြင်း။ | – ကျေးရွာလုပ်အားဒါနပါဝင်နိုင်ခြင်း။<br>– စည်းလုံးညီညွတ်မှုရှိခြင်း။<br>– ကွန်ကရစ်တဝက်ခင်းပြီးခြင်း။ | – ငွေကြေးအဆင်မပြေခြင်း။<br>– နည်းပညာမရှိခြင်း။ | – ကျန်ရှိနေသောလမ်းအားကွန်ကရစ်ခင်းရန်ဆောင်ရွက်ခြင်း။<br>– နည်းပညာပံ့ပိုးကူညီခြင်း။<br>– အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | – ကွန်ကရစ်လမ်းရရှိနိုင်ရန်ဆောင်ရွက်ခြင်း။ |
| ၃။ | – ကျေးသား/သူများစာသင်ကြားရန်အခက်ခဲဖြစ်နေခြင်း။ | – စာသင်ကျောင်းအတွက် စာသင်ခုံနှင့်ပရိဘောဂများ လုံလောက်မှုမရှိခြင်း။ | – ပညာရေးဌာနနှင့်ချိတ်ဆက်ထားပြီးဖြစ်ခြင်း။ | – ငွေကြေးအဆင်မပြေခြင်း။ | – ပညာရေးဌာနနှင့်ထပ်မံညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ခြင်း။<br>– အလှူရှင်များနှင့်ချိတ်ဆက်ခြင်း။ | – ကျောင်းသုံးပရိဘောဂများရရှိရန်ဆောင်ရွက်ခြင်း။ |

• ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်ရမည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁။ | လမ်းပန်းဆက်သွယ်ရေး | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂။ | လမ်းပန်းဆက်သွယ်ရေး | သုသာန်လမ်းကွန်ကရစ်လမ်းခင်းခြင်း | ၂ |
| ၃။ | ပညာရေး | ကျောင်းသုံးပရိဘောဂများရရှိရန်ဆောင်ရွက်ခြင်း | ၃ |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |